Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၂/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၇) ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ ပါသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၆) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၄၁၆.၀၈၀) သန်း နှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် (၅,၃၀၀) ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၆)မှာ စက်မှုလုပ်ငန်း (၅)ခု၊ ပို့ဆောင်ရေးနှငေ့် ဆက်သွယ်ရေးလုပ်ငန်း (၁)ခုတို့ကို ခွင့်ပြု ပေးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၀၆) ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၄၄၉.၁၃၈) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ (၅,၇၈၈.၅၇၅)သန်း ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၁၇.၅၂၈)သန်း ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသဖြငေ့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆,၀၀၆.၁၀၃)သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၉.၇၂၈) သန်းအပါအဝင် ကျပ်(၁၄၂,၉၈၅.၃၈၄)သန်း၊ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် (၂၃၃)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၁)မှာ အိမ်ယာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍလုပ်ငန်း ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၄၁)ခု၊ အမေရိကန်ဒေါ်လာ(၇၅၈.၁၇၄)သန်း အပါအဝင် ကျပ်(၁,၃၆၆,၁၀၀.၀၄၃)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် (၁,၄၃၇,၀၃၁.၀၃၄)သန်း ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေး တွက်ခြေ ကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက် ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက် အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင် ထိခိုက်မှု နှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်း ကာကွယ်ရေး ဆောင်ရွက်မှု အစီအမံများ၊ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲ ဥပဒေများကို လိုက်နာခြင်း စသည့်အချက်များ ကို အခြေခံ၍ စိစစ်ခြင်းဖြစ်ပါသည်။

Email: dica@mptmail.net.mm

Website: ww.dica.gov.mm